Karenni People Defense Force – KPDF

ကရင်နီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့

# ခရီးသွားပြည်သူများသတိပြုနိုင်ရန် ထုတ်ပြန်ကြေငြာခြင်း

ကြေငြာချက်အမှတ် – ၃/၂၀၂၁

(၂၇.၁၀.၂၀၂၁)

ကယား(ကရင်နီ)ပြည်နယ်အနှံ့တွင် အကြမ်းဖက်စစ်ကောင်စီ၏လက်ပါးစေများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကြား တိုက်ပွဲများဆက်လက်ပြင်းထန်လျက်ရှိပါသည်။ ထို့အတူ မိမိတို့အောင်မြင်စွာသိမ်းယူထားသော နယ်မြေများတွင်လည်း လုံခြုံရေးစစ်ဆေးသည့် ဂိတ်များ/ ကျန်းမာရေး(COVID–19)စစ်ဆေးသည့်ဂိတ်များ ထားရှိဆောင်ရွက်ထားပါသည်။

ယခုအခါ ပြန်လည်တည်ငြိမ်စပြုလာသော အခြေအနေများကြောင့် အများပြည်သူများ ပုံမှန်သွားလာရာတွင် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်(Local PDF) များ၏ စစ်ဆေးရေးဂိတ်များသို့ ဖြတ်သန်းသွားလာရာတွင် တာဝန်အရ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိပါသည်။ သို့ရာတွင် တချို့သောမြို့ရွာဖြတ်သန်းဂိတ်များတွင် စစ်ဆေးမေးမြန်းရာ၌ စစ်ဆေးသူများ၏ ကျွမ်းကျင်မှုအားနည်းခြင်းကြောင့်သော်လည်းကောင်း၊ ခရီးသွားများ၏ ပူးပေါင်းပါဝင်မှုအားနည်းခြင်းကြောင့်သော်လည်းကြောင်း မလိုလားအပ်သော နားလည်မှုလွဲမှားခြင်းများနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိရပါသည်။

ထို့အတွက် အဆိုပါဒေသခံPDF များအား **ပိုမိုစနစ်ကျသော ဒေသခံကာကွယ်ရေးတပ်များအဖြစ် ဖော်ဆောင်၍ ပြည်သူ့အကျိုးအား ရှေးရှုဆောင်ရွက်ရန်** အကြံပြုသကဲ့သို့ ဖြတ်သန်းသွားလာသော ခရီးသွားပြည်သူများအနေဖြင့် (တိုက်ပွဲရှိနေဆဲကာလဖြစ်နေသောကြောင့်) လုံခြုံရေးအရစစ်ဆေးခြင်းအား ကြည်ကြည်ဖြူဖြူပူးပေါင်းပါဝင်ပေးပါရန် မေတ္တာရပ်ခံ အကြံပြုအပ်ပါသည်။ အလားတူအဆင်မပြေမှုမျိုး ကြုံတွေ့လာရပါက **Karenni State Police – KSP** ထံသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

Karenni People Defense Force – KPDF

ဆက်သွယ်ရန်။ ။ info.kpdf@gmail.com